ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ
စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန
အကောက်ခွန်ဦးစီးဌာန

# အကောက်ခွန်သတင်းလွှာ

အတွဲ ၅ ၊ အမှတ် ၁

၂၀၁၉ ခုနှစ် ၊ အောက်တိုဘာလ ၁ ရက်

## MACCS စနစ်အတွက် Hardware ပစ္စည်းများ အသစ်ဝယ်ယူတပ်ဆင်ခြင်းအတွက် စာချုပ် ချုပ်ဆိုခြင်းအခမ်းအနား



MACCS စနစ်တပ်ဆင်အသုံးပြုလျက်ရှိသည့် Data Center နှင့် ဆိပ်ကမ်းများရှိ Hardware ပစ္စည်းများ အသစ်ဝယ်ယူတပ်ဆင်ခြင်းဆိုင်ရာ ကိစ္စရပ်များအတွက် တင်ဒါအောင်မြင်ခဲ့သော KMD Co., Ltd နှင့် စာချုပ်ချုပ်ဆိုခြင်းအား ၂၀၁၉ ခုနှစ် အောက်တိုဘာလ (၅) ရက်နေ့တွင် အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဦးဆောင်၍ အကောက်ခွန်ဦးစီးဌာန (ရုံးချုပ်) တွင် ကျင်းပပြုလုပ်ခဲ့ပါသည်။

အဆိုပါ စာချုပ်အား အကောက်ခွန်ဦးစီးဌာန ၊ မြန်မာ့ကုန်ပစ္စည်းအလိုအလျောက် ရှင်းလင်းရေးနှင့် ထိန်းချုပ်ရေးဌာနခွဲ (MACCS) ညွှန်ကြားရေးမှူး ဦးဝင်းသန့် နှင့် KMD Co., Ltd ၏ ကိုယ်စား ဒါရိုက်တာ ဦးဇော်လှိုင်ဘွားတို့မှ လက်မှတ်ရေးထိုး ချုပ်ဆိုခဲ့ကြပါသည်။ အခမ်းအနားသို့ အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ ၊ ညွှန်ကြားရေးမှူးများနှင့် KMD Co., Ltd ၏ Founder/Chairman ဖြစ်သူ ဦးသောင်းတင်နှင့် အဖွဲ့ဝင်များ တက်ရောက်ခဲ့ကြပါသည်။

Scanned with CamScanner

# အကောက်ခွန်နှောင်းစာရင်းစစ်ဆေးခြင်းဆိုင်ရာ ရှင်းလင်းဆွေးနွေးပွဲ ကျင်းပခြင်း





၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၂၃ ရက်နေ့တွင် ရန်ကုန်မြို့၊ ကုန်သည်ကြီးများနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ်ရုံး၌ အကောက်ခွန်နှောင်းစာရင်းစစ်ဆေးခြင်းဆိုင်ရာ ရှင်းလင်းဆွေးနွေးပွဲကျင်းပ ပြုလုပ်ခဲ့ပါသည်။

အဆိုပါဆွေးနွေးပွဲသည် ကုမ္ပဏီများအနေဖြင့် နှောင်းစာရင်းစစ်ဆေးခြင်း၏ အဓိပ္ပါယ်၊ သဘောသဘာဝများသိရှိနားလည်စေရန်၊ အကောက်ခွန်နှင့် ကုမ္ပဏီများအကြား ယုံကြည်မှုပိုမိုရရှိလာစေရန်၊ ကုမ္ပဏီပိုင်ရှင်များကိုယ်တိုင် မိမိဝယ်ယူတင်သွင်းလာသော ကုန်ပစ္စည်းတန်ဖိုးများ တွက်ချက်ပြီး မိမိကိုယ်တိုင် အခွန်စည်းကြပ်နိုင်စေရန် နှင့် ကုန်ပစ္စည်းများ လွယ်ကူလျှင်မြန်စွာ ထုတ်ယူနိုင်ပြီး ဈေးကွက်အတွင်း အမြန်ဆုံးပို့ဆောင်နိုင်စေရန် ရည်ရွယ်၍ ဆွေးနွေးခဲ့ကြပါသည်။

ဆွေးနွေးပွဲသို့ အကောက်ခွန်ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ညွှန်ကြားရေးမှူး၊ ဒုတိယညွှန်ကြားရေးမှူးများ၊ လက်ထောက်ညွှန်ကြားရေးမှူးများ၊ အရာထမ်းများနှင့် ကုမ္ပဏီများမှ ကိုယ်စားလှယ်အဖွဲ့များတက်ရောက်ခဲ့ကြပါသည်။

Scanned with CamScanner

# လက်ထောက်ညွှန်ကြားရေးမှူး အဆင့် မှ ဒုတိယညွှန်ကြားရေးမှူး ရာထူး အဆင့်တိုး စာမေးပွဲ ကျင်းပခြင်း




အကောက်ခွန်ဦးစီးဌာန ၊ အကောက်ခွန်မှူး ရာထူးအဆင့် မှ ဦးစီးအရာရှိ ရာထူးအဆင့် သို့ တိုးမြှင့်ရေး စာမေးပွဲအား ၂၀၁၉ ခုနှစ် ၊ စက်တင်ဘာလ (၂၃) ရက်နေ့ မှ (၂၄) ရက်နေ့အထိ ရန်ကုန်မြို့ အကောက်ခွန်ဦးစီးဌာန ၊ သင်တန်းကျောင်းခန်းမ၌ ကျင်းပပြုလုပ်ခဲ့ပါသည်။


အဆိုပါ ရာထူးတိုးမြှင့်ရေး စာမေးပွဲသို့ အကောက်ခွန်ဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူးအဆင့် အရာထမ်း စုစုပေါင်း (၃၇) ဦး ဖြေဆိုခဲ့ကြပါသည်။

Scanned with CamScanner

# အကောက်ခွန်ဦးစီးဌာန၏ ၂၀၁၉ ခုနှစ် ၊ စက်တင်ဘာလအတွင်း ခန့်မှန်းတန်ဖိုးကျပ် (၁၀၈၇.၇၇၈) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် ၊ ဆိပ်ကမ်း ၊ အထူးကင်း ၊ ရန်ကုန်စာတိုက် နှင့် အကောက်ခွန်နယ်မြေဒေသအသီးသီးတို့တွင် တင်သွင်း/တင်ပို့ခွင့် စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိဘဲ တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးရှာဖွေ တားဆီးအရေးယူမှုများ ပြုလုပ်ဆောင်ရွက်လျက်ရှိရာ စက်တင်ဘာလ (၁) ရက်နေ့ မှ (၃၀) ရက်နေ့ အထိ စုစုပေါင်း တားဆီး/ဖမ်းဆီးမှု မှာ (၁၇၀) မှု ဖြစ်ပြီး ခန့်မှန်းတန်ဖိုးမှာကျပ် (၁၀၈၇.၇၇၈) သန်းခန့်ဖြစ်ပါသည်။

## ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်



လေဆိပ်တားဆီးမှုအနေဖြင့် တားဆီးမှု (၂) မှုရှိ၍ ခန့်မှန်းတန်ဖိုးကျပ် (၁၁) သန်းခန့်ရှိသည့် အနက် ၁၂-၉-၂၀၁၈ ရက်နေ့တွင် ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ် (ပြည်ပဆိုက်ရောက်) ၌ လေယာဉ်ခရီးစဉ်အမှတ် VN-943, SF-12600 ဖြင့် ဗီယက်နမ်နိုင်ငံ မှ ရန်ကုန်သို့ဝင်ရောက်လာသည့် နိုင်ငံခြားသားခရီးသည်ထံမှ စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသော Cosmetic Item (35) , (291) Nos ၊ ခန့်မှန်းတန်ဖိုးကျပ် (၇) သန်းအား တားဆီးခဲ့ပါသည်။

Scanned with CamScanner

# အကောက်ခွန်ဦးစီးဌာန၏ ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလအတွင်း ခန့်မှန်း တန်ဖိုးကျပ် (၁၀၈၇.၇၇၈) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ

## ဆိပ်ကမ်း တားဆီး/ဖမ်းဆီးခြင်း




ဆိပ်ကမ်း တားဆီးမှုအနေဖြင့် တားဆီးမှု (၆) မှုရှိ၍ ခန့်မှန်းတန်ဖိုးကျပ် (၄၃၃.၈၄၃) သန်းခန့်ရှိသည့်အနက် ၁၀-၉-၂၀၁၉ ရက်နေ့တွင် MIP ဆိပ်ကမ်း၌ Esquire International Co ., Ltd မှ တင်သွင်းလာသော CMP ပစ္စည်း Item (၁၉) မျိုး ၊ ဃ (၄၀) ကုန်သေတ္တာ (၂) လုံးအား တာဝန်ကျ အကောက်ခွန်စစ်ဆေးရေးအဖွဲ့မှ စစ်ဆေးခဲ့ရာ Item (5) Hole S/W Mesh (CMP) ပစ္စည်းမှာ ID တွင် ကြေညာထားသည်ထက် (၂၆၈၁၃) မီတာ ၊ (၉၈) လိပ် ပိုမိုပါရှိလာကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် ခန့်မှန်းတန်ဖိုးကျပ် (၄၁.၂၃၈) သန်းအားတားဆီးခဲ့ပါသည်။

Scanned with CamScanner

# အကောက်ခွန်ဦးစီးဌာန၏ ၂၀၁၉ ခုနှစ် ၊ စက်တင်ဘာလအတွင်း ခန့်မှန်း တန်ဖိုးကျပ် (၁၀၈၇.၇၇၈) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ

## နယ်မြေများတွင် တားဆီး/ဖမ်းဆီးခြင်း






နယ်မြေတားဆီးမှုအနေဖြင့် တားဆီးမှု (၁၆၂) မှုရှိ၍ စုစုပေါင်း ခန့်မှန်းတန်ဖိုးမှာကျပ် (၆၄၂.၉၃၅) သန်းခန့်ရှိသည့် အနက် ၂၉-၉-၂၀၁၉ ရက်နေ့တွင် (၁၆) မိုင်ကျောက်ချောစစ်ဆေးရေးစခန်းမှ စစ်ဆေးမှုများ ဆောင်ရွက်စဉ် Mitsubishi Canter ယာဉ် (၁) စီးပေါ်တွင် တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် ပိတောက်ခွဲသား(၈.၄၇၈၈) တန်နှင့် အဆိုပါပစ္စည်း သယ်ဆောင် သည့်ယာဉ်(၁) စီး ၊ စုစုပေါင်း ခန့်မှန်းတန်ဖိုးကျပ်(၁၁.၄၇၈) သန်းအား စစ်ဆေးတွေ့ရှိ၍တားဆီးခဲ့ပါသည်။

Scanned with CamScanner

# အကောက်ခွန်ဦးစီးဌာန၏ ၂၀၁၉ ခုနှစ် ၊ စက်တင်ဘာလအတွင်း ခန့်မှန်းတန်ဖိုးကျပ် (၁၀၈၇.၇၇၈) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ


## ထူးခြားဖမ်းဆီးမှု




ထူးခြားဖမ်းဆီးမှုအနေဖြင့် ၁၄-၉-၂၀၁၉ ရက်နေ့တွင် ရေပူ အမြဲတမ်းစစ်ဆေးရေးစခန်းမှ စစ်ဆေးမှုများ ဆောင်ရွက်စဉ် (TOYOTA ALPHARD) ယာဉ် (၁) စီးပေါ်တွင် တရားမဝင် တင်ဆောင်လာသော မြွေဟောက် (၄၅) ပိဿာ ၊ လင်းမြွေ (၆၈) ပိဿာ ပလပ်စတစ်ခြင်း (၂၆) ခြင်း ၊ စုစုပေါင်း အကောင်အရေအတွက် (၃၅၀) ကောင် (၁၁၃) ပိဿာ နှင့် ပစ္စည်းသည်ဆောင်လာသော ယာဉ် (၁)စီး၊ စုစုပေါင်း ခန့်မှန်းတန်ဖိုးကျပ် (၃၃.၃၉) သန်းအား စစ်ဆေးတွေ့ရှိ၍ ဖမ်းဆီးခဲ့ပါသည်။

# အကောက်ခွန်ဦးစီးဌာန၏ ၂၀၁၉ ခုနှစ် ၊ စက်တင်ဘာလအတွင်း ခန့်မှန်း တန်ဖိုးကျပ် (၁၀၈၇.၇၇၈) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ

## ထူးခြားဖမ်းဆီးမှု




ထူးခြားဖမ်းဆီးမှုအနေဖြင့် ၂၀၁၉ ခုနှစ် စက်တင်ဘာလ (၄) ရက်နေ့တွင် မရမ်းချောင်အမြဲတမ်း စစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့မှ စစ်ဆေးမှုများဆောင်ရွက်စဉ် တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသော စားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်းများ ၊ စုစုပေါင်း ခန့်မှန်း တန်ဖိုးကျပ် (၁၄.၁၀၈) သန်းခန့်အား စစ်ဆေးတွေ့ရှိ၍ ဖမ်းဆီးခဲ့ပါသည်။

Scanned with CamScanner

# မိုဘိုင်းဖုန်း ၊ ကွန်ပျူတာဆက်စပ်ပစ္စည်းများနှင့် သစ်တောထွက်ပစ္စည်းများ စက်တင်ဘာလအတွင်း တားဆီး/ဖမ်းဆီးအရေးယူမှု အခြေအနေ

| စဉ် | ပစ္စည်းအမျိုးအမည် | ရန်ကုန် အမှုတွဲပေါင်း | နယ်စပ် အမှုတွဲပေါင်း | အမှုတွဲ စုစုပေါင်း | ခန့်မှန်းတန်ဖိုး စုစုပေါင်း(ကျပ်) |
|---|---|---|---|---|---|
| ၁။ | မိုဘိုင်းဖုန်းနှင့် ဆက်စပ်ပစ္စည်းများ | - | - | - | - |
| ၂။ | ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများ | - | - | - | - |
| ၃။ | သစ်တောထွက် ပစ္စည်းများ | - | ၂ မှု | ၂ မှု | ၁၂.၂၉၈ သန်း |
| | စုစုပေါင်း | - | ၂ မှု | ၂ မှု | ၁၂.၂၉၈ သန်း |

အကောက်ခွန်ဦးစီးဌာနမှ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်အတွင်း (၁-၄-၂၀၁၉) ရက်နေ့ မှ (၃၀-၉-၂၀၁၉) ရက်နေ့အထိ မိုဘိုင်းဖုန်းနှင့်ဆက်စပ်ပစ္စည်းများ ၊ ကွန်ပျူတာနှင့်ဆက်စပ်ပစ္စည်းများနှင့် သစ်တောထွက်ပစ္စည်းများ တားဆီး/ဖမ်းဆီးမှု (၁၃၈) မှု ၊ ခန့်မှန်းတန်ဖိုးကျပ်သန်းပေါင်း(၁၀၅၆.၁၄၈) သန်း အား တားဆီးခဲ့ပြီးအရေးယူဆောင်ရွက်နိုင်ခဲ့ပါသည်။

Scanned with CamScanner

# ပြည်သူ့ဘဏ္ဍာသိမ်းဆည်းပြီး ထုခွဲအဆင့် လျှပ်စစ်ပစ္စည်း ၊ စားသောက်ကုန် နှင့် လူသုံးကုန်ပစ္စည်းများအား လေလံစနစ်ဖြင့် ရောင်းချခြင်း




စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ၊ အကောက်ခွန်ဦးစီးဌာနမှ ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းထားသော ကားအပိုပစ္စည်းများ ၊ စလောင်းနှင့်ဆက်စပ် ပစ္စည်းများ ၊ စားသောက်ကုန် ၊ လူသုံးကုန် ၊ ဖုန်းအမျိုးမျိုးနှင့် လျှပ်စစ်ပစ္စည်းများအား (၁၃-၉-၂၀၁၉) ရက်နေ့ နံနက် (၁၀:၀၀) နာရီ အချိန်တွင် ထောက်ပံ့ရေးနှင့် ပို့ဆောင်ရေးဌာနခွဲ၏ ညွှန်ကြားရေးမှူး ဦးတက်ထွန်းအောင် မှ ဥက္ကဋ္ဌအဖြစ် ပါဝင်သော လေလံတင်ရောင်းချရေးအဖွဲ့ဖြင့် စုစုပေါင်း လေလံအုပ်စု (၇) စု အား လေလံ တင်ရောင်းချခဲ့ရာ နိုင်ငံတော် ဘဏ္ဍာငွေ စုစုပေါင်းကျပ် (၇၂၂.၈) သန်းရရှိခဲ့ပါသည်။

Scanned with CamScanner

# ဖမ်းဆီးရမိသည့် ဆေးဝါးမှတ်ပုံတင်မရှိသော ဆေးဝါးများ၊ ကွမ်းစား ဆေးများနှင့် အလှကုန်ပစ္စည်းများ ဖျက်ဆီးခြင်း





ရန်ကုန်မြို့ အကောက်ခွန်ဦးစီးဌာန ၊ ထောက်ပံ့ရေးနှင့်ပို့ဆောင်ရေးဌာနခွဲမှ အများပြည်သူ စားသုံးရန် ၊ သုံးစွဲရန်မသင့်သော မှတ်ပုံတင်မရှိသော ဆေးဝါးများ ၊ ကွမ်းစားဆေးများနှင့် အလှကုန်ပစ္စည်းများ ၊ စုစုပေါင်းခန့်မှန်းတန်ဖိုးကျပ် (၃၃၇.၆၈၆) သန်းခန့်အား (၁၈-၉-၂၀၁၉) ရက်နေ့တွင် ထောက်ပံ့ရေးနှင့် ပို့ဆောင်ရေးဌာနခွဲ ၊ ညွှန်ကြားရေးမှူး ဦးတက်ထွန်းအောင် ဥက္ကဋ္ဌ အဖြစ်ပါဝင်သော ဖျက်ဆီးရေးအဖွဲ့ဖြင့် ထောက်ပံ့ရေးနှင့် ပို့ဆောင်ရေးဌာနခွဲ ရုံးဝင်းအတွင်း စနစ်တကျ ဖျက်ဆီးခဲ့ပါသည်။

Scanned with CamScanner

# အကောက်ခွန်ဦးစီးဌာန၊ ဆက်ဆံရေးဌာနစိတ်တွင် အကောက်ခွန်ဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ မေးမြန်းချက်များအပေါ် ဆွေးနွေးဖြေကြားချက်များ

Water Pump ၏ Duty Rate အားမေးမြန်းရာ အကောက်ခွန် 3% ၊ ကုန်သွယ်လုပ်ငန်းခွန် 5% နှင့် ကြိုတင်ဝင်ငွေခွန် 2% ဖြစ်ကြောင်းဖြေကြားခဲ့ပါသည်။




Aluminium Bottle Caps ၏ Duty Rate အား မေးမြန်းရာ အကောက်ခွန် 0%၊ ကုန်သွယ်လုပ်ငန်းခွန် 5% နှင့် ကြိုတင်ဝင်ငွေခွန် 2% ဖြစ်ကြောင်းဖြေကြားခဲ့ပါသည်။




Artificial Lather ၏ Duty Rate အား မေးမြန်းရာ အကောက်ခွန် 7.5% ၊ ကုန်သွယ်လုပ်ငန်းခွန် 5% နှင့် ကြိုတင်ဝင်ငွေခွန် 2% ဖြစ်ကြောင်းဖြေကြားခဲ့ပါသည်။




သစ်တောထွက်ပစ္စည်း ကြိမ် ၊ ဝါးဖြင့် ယက်လုပ်သော ပစ္စည်းများ တင်ပို့ရာတွင်မည့်သည့် အထောက်အထားလိုအပ်ကြောင်း မေးမြန်းရာ သစ်တောထောက်ခံချက်နှင့် Duty 2% ဆောင်ရကြောင်း ဖြေကြားခဲ့ပါသည်။

Scanned with CamScanner